ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး

(၅၃)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၉ ခုနှစ်၊ တော်သလင်းလဆန်း ၁၀ ရက်**

**( ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက် )**

**[ကြာသပတေးနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၅၃)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးရဲ့ (၅၃)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံး ထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁ဝး၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၅၃)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၄)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို(၂၀၂)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၉၀.၁၈)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန်လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁ဝး၀၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးရဲ့ (၅၃)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁ဝး၀၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁ဝး၀၅။**

**ဦးမြမင်းဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော်

ပဉ္စမပုံမှန်အစည်းအဝေး (၅၃)ရက်မြောက်နေ့ ၁၁-၈-၂၀၁၇ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရဲ့ကိုယ်စား မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီ အဖွဲ့ဝင်ဖြစ်သူ ကျွန်တော် ဦးမြမင်းဆွေ က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဒေါ်လွီးဇာ၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ကျန်းမာရေး။ ဒေါ်ရွှေရွှေစိန်လတ်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ကျန်းမာရေး။ ဦးစိုးသိန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမျိုးထပ်(ခ)ဆလိုင်းမျိုးထိုက်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးပြုးလွင်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမျိုးဝင်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးသိမ်းဆွေ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်နှင့် စောယှားဖောင်အွာ၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်တို့ပဲ ဖြစ်ပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၁၄)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ (၈)ဦးဖြစ်ပြီး စုစုပေါင်း ခွင့်ပန်ကြားသူ(၂၂)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ်သတ်မှတ် ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာဖြင့် တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**။ 　　။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**။ 　　။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၅၃)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၂၄)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၄)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၈)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၂၂) ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(ဩဘာသံများ)

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းများကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**ကျေးလက်ဒေသများ၏ လူနေမှုဘဝနှင့် အခြေခံအဆောက်အအုံ မြှင့်တင်ရေးတွင် ကျေးလက်နေလူတန်းစား အားလုံး ပါဝင်လာနိုင်ရေးအတွက် ကိုယ်ထူကိုယ်ထ လျှပ်စစ်မီးလင်းရေးကော်မတီများ၏ မူများကို သက်ဆိုင်ရာဌာနများမှ ပြင်ဆင်ရေးဆွဲ၊ အတည်ပြု၊ ပြဋ္ဌာန်း၊ အကောင်အထည်ဖော်ဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ**။ ။ ယခု မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးကျော်မြင့်ဦး က ကျေးလက်ဒေသများ၏ လူနေမှုဘဝနှင့် အခြေခံအဆောက်အအုံ မြှင့်တင်ရေးတွင် ကျေးလက်နေ လူတန်းစားအားလုံး ပါဝင်လာနိုင်ရေးအတွက် ကိုယ်ထူကိုယ်ထ လျှပ်စစ်မီးလင်းရေးကော်မတီများ၏ မူများကို သက်ဆိုင်ရာဌာနများမှ ပြင်ဆင်ရေးဆွဲ၊ အတည်ပြု၊ ပြဋ္ဌာန်း၊ အကောင်အထည်ဖော် ဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၉။**

**ဦးကျော်မြင့်ဦး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စု အဖွဲ့ဝင်ဝန်ကြီးများအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့်ဦး

ဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီနေ့ ကိုယ်ထူကိုယ်ထ လျှပ်စစ်မီးလင်းရေးကော်မတီရဲ့မူများနှင့် ပတ်သက်လို့ မေးခွန်း မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဝန်ကြီးဌာနရဲ့ စာရင်းဇယားများအရ ကျေးရွာပေါင်း(၆၀၀၀၀)ကျော် ရှိတဲ့အခါမှာ ကျေးရွာ(၃၀၀၀၀)ကျော် မီးလင်းပြီလို့ သိရပါတယ်။ ဒီ (၃၀၀၀၀)အနက်မှာ ဓာတ်အားနဲ့ (၁၀၀၀၀)ကျော်၊ အခြားနည်းနှင့် မီးလင်းတဲ့ကျေးရွာပေါင်း (၂၀၀၀၀)ကျော်လို့ ဖော်ပြထားပါတယ်။ ဒီလိုကျေးရွာတွေ မီးလင်းလာရတာဟာ ပြည်သူတို့ရဲ့အား၊ ကိုယ်ထူကိုယ်ထ မီးလင်းရေးကော်မတီ များရဲ့ ကျွန်တော်တို့ အားပဲ ဖြစ်ပါတယ်။ ဒါပေမဲ့ ဒီနေရာမှာ ကျွန်တော်တို့ ကျေးရွာ(၃၀၀၀၀)ကျော် လျှပ်စစ်မီးရရှိတယ် ဆိုပေမယ့်လို့ (၃၀၀၀၀)ကျော်ကျေးရွာမှာရှိတဲ့ အိမ်ထောင်စုအားလုံး လျှပ်စစ်မီး ရရှိသေးတာ မဟုတ်ပါဘူး။ အဲဒီ (၃၀၀၀၀)ကျေးရွာထဲမှာရှိတဲ့ အိမ်ထောင်စု(၅၀)ရာခိုင်နှုန်းသာလျှင် လျှပ်စစ်မီးရရှိသေးတာ ဖြစ်ပါတယ်။ နိုင်ငံတော်မှာ နိုင်ငံတော်အတိုင်ပင်ခံ ပြုလုပ်ခဲ့တဲ့ ကျေးလက် စကားဝိုင်းမှာ ညောင်ပင်သာရွာ ကျေးရွာပြည်သူတစ်ဦးဖြစ်တဲ့ ဒေါ်မြစန်းရီ ရဲ့ တင်ပြချက်အရ သူတို့ရွာမှာ အိမ်ခြေ(၂၅၀)မှာ (၈၅)အိမ်သာ မီးလင်းသေးတယ်လို့ သိရပါတယ်။ ဒီပြဿနာကိုတော့ နိုင်ငံတော် အတိုင်ပင်ခံက ဖြေရှင်းပေးခဲ့လို့ အလှူရှင်တစ်ဦးပေါ်ပေါက်ပြီးတော့ ဒီပြဿနာကတော့ ပြေလည်သွားပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ ဒီလို ညောင်ပင်သာကျေးရွာကဲ့သို့ ကျေးရွာတွေ လျှပ်စစ်မီး ရွာထဲကို လျှပ်စစ်မီးရောက်ရှိနေပြီးတော့ အိမ်ထောင်စေ့ မီးမရရှိသေးတဲ့ကျေးရွာတွေ အများကြီး ကျန်ရှိနေပါသေးတယ်။ ရွာထဲကို လျှပ်စစ်မီးရောက်နေပါလျက် ဒီမီးလင်းအိမ်ထောင်စုဦးရေ တိုးမလာ ခြင်းဟာ ကျွန်တော်တို့ ပြန်လည်သုံးသပ်ရမယ့် အချက်ဖြစ်ပါတယ်။ မီးလင်းရေးကော်မတီများရဲ့ ဖွဲ့စည်းပုံလုပ်ငန်းတာဝန်များနှင့် ဝန်ကြီးဌာနက ထုတ်ပြန်ထားတဲ့ ကော်မတီများလိုက်နာ ဆောင်ရွက် ရမယ့် မူ(၁၂)ချက်ကိုလည်း ပြန်လည်သုံးသပ်ဖို့ ကျွန်တော် အကြံပြုလိုပါတယ်။

ဒီလို ကျေးရွာမှာ လျှပ်စစ်မီးလင်းရေးကော်မတီနဲ့ 11 KV လိုင်း တည်ဆောက်ပြီးတော့ ကျွန်တော်တို့ လျှပ်စစ်မီးရရှိနေသော်လည်းပဲ မူလတည်ဆောက်စဉ်ကာလမှာတော့ အားနှင့် ခွန်နဲ့ အင်နှင့် အားနဲ့ ကျွန်တော်တို့ လုပ်ခဲ့ကြပေမယ့်လို့ နောက်ပိုင်းမှာတော့ ကော်မတီဟာ အမည်နာမသာရှိပြီး တော့မှ ကော်မတီဝင်(၂)ဦး၊ (၃)ဦးနဲ့သာလျှင် ဖော်ဆောင်နေတာမျိုးတွေ တွေ့ရပါတယ်။ နောက် တချို့ ကော်မတီတွေဟာ ငွေကြေးအရှုပ်အရှင်းတွေကြောင့်မို့လို့ အချင်းချင်း အပြန်အလှန်တိုင်ကြားခြင်းနှင့် အမှုတွေ ရင်ဆိုင်နေရပြီးတဲ့အခါကျတော့ ကော်မတီရဲ့ ကျေးရွာဖွံ့ဖြိုးရေးအတွက် ရှေ့လုပ်ရမယ့် လုပ်ငန်းတွေကြောင့် နှောင့်နှေးနေလို့ မီးလင်းတဲ့ဦးရေတွေ လျော့လာတာ တိုးမလာတာလည်း ကျွန်တော်တို့ တွေ့ရပါတယ်။

နောက် ကျွန်တော် တချို့ကော်မတီတွေကတော့ ငွေကြေးတွေပိုနေပြီးတော့မှ အဲဒီငွေတွေ လွှနေတဲ့အတွက်ကြောင့်မို့လို့ ဒီဟာကို ရှင်းဖို့အတွက် ရှေ့ဆက်မယ့်လုပ်ငန်းတွေ နှောင့်နှေးနေတာမျိုး ကျွန်တော်တို့ တွေ့ရပါတယ်။ ဒါကြောင့် ကျွန်တော်တို့ မီးလင်းရေးကော်မတီများကို ဒီ (၂)နှစ်တစ်ကြိမ်၊ (၃)နှစ်တစ်ကြိမ် သို့မဟုတ် သက်တမ်းသတ်မှတ်ပြီးတော့ ပြန်လည်ရွေးချယ်ပေးခြင်း၊ နောက် ပေါ်ပေါက်လာတဲ့ ပြဿနာများ၊ ဒီ ငွေကြေးနဲ့ ဆိုင်ရာပြဿနာများကို ကျွန်တော်တို့ ဆိုင်ရာဌာန၊ လျှပ်စစ်ဌာန၊ အုပ်ချုပ်ရေးဌာနတို့မှ ကျွန်တော်တို့ ဒီအမှုတွဲပေါ်ပေါက်လာတဲ့အခါမှာ ယာယီထိန်းသိမ်း

ပြီးတော့မှ အသစ်ပြန်လည်ရွေးချယ်ပေးခြင်း၊ နောက် ကျွန်တော်တို့ မီးလင်းရေးကော်မတီများကို အများပြည်သူဆန္ဒနှင့် ရွေးချယ်ပေးခြင်းဆိုတဲ့အချက်တွေကို ကျွန်တော်တို့ ထည့်သွင်းစဉ်းစားဖို့ အကြံပြုလိုပါတယ်။

နောက် ကျွန်တော်တို့ ဒီလက်ရှိ ပြဋ္ဌာန်းထားတဲ့မူ(၁၂)ချက်ရဲ့ နောက်ဆုံးအချက် နံပါတ်(၁၂) မှာဆိုလို့ရှိရင် မီးလင်းရေးကော်မတီမှ တည်ဆောက်ပြီးသော 11 KV ဓာတ်အားလိုင်း၏ စီမံခန့်ခွဲမှုကို လျှပ်စစ်ဝန်ကြီးဌာနသို့ အပ်နှံရမည်လို့ ပြဋ္ဌာန်းထားပါတယ်။ ၎င်း 11 KV ဓာတ်အားလိုင်းမှတစ်ဆင့် ဓာတ်အားသွယ်မှုများကိုလည်း ကျွန်တော်တို့ ခွင့်ပြုရမယ်လို့ ကျွန်တော်တို့ ဒီစည်းကမ်းချက်ထဲမှာ ပါပါတယ်။ သို့ပေသော်လည်းပဲ ကျေးရွာတစ်ရွာကို 11 KV လိုင်းရောက်လို့ မီးလင်းပြီးတဲ့အခါမှာ နောက်တစ်ရွာကနေ အဲဒီက 11 KV လိုင်းကနေ ဆင့်ပွားဖို့အတွက် ဒီစည်းကမ်းချက် ပါရဲ့သားနဲ့ ကျွန်တော်တို့ ဒီဌာန(၂)ခုက ကျေးရွာပြည်သူလူထုနဲ့ ပေါင်းစပ်ညှိနှိုင်းပြီးတော့ မလုပ်ပေးနိုင်တာကို တွေ့နေရပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဒီကျေးရွာမီးလင်းရေးအတွက် ဒီ ကော်မတီရဲ့မူများကို ကျွန်တော်တို့ ပြင်ဆင်ပြဋ္ဌာန်း ပေးဖို့ လိုအပ်နေတာမျိုး ဖြစ်ပါတယ်။

နောက်တစ်ခုက ကျွန်တော်တို့နိုင်ငံမှာ လက်ရှိအနေအထားအရ ဒီကျေးရွာ (၃၀၀၀၀)ကျော် မီးလင်းဖို့ ကျန်ပါသေးတယ်။ ဒီ (၃၀၀၀၀)ကျော်မီးလင်းဖို့ ဖော်ဆောင်တဲ့အခါမှာလည်း ကော်မတီတွေ ကျွန်တော်တို့ ထပ်ပြီးတော့မှ ကော်မတီတွေရဲ့အားနဲ့ ပြည်သူလူထုရဲ့အားနဲ့ ထပ်ပြီးတော့မှ ကျွန်တော်တို့ မီးလင်းရေးကို ကျွန်တော်တို့ လူထုမီးလင်းရေးကို ကြိုးစားရဦးမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဒီပြည်သူလူထုရဲ့အားလုံး ကျေးရွာနေ ပြည်သူလူထုရဲ့အားလုံး၊ လူထုကို အခြေပြုတဲ့ ကျေးရွာနေ ပြည်သူလူထုတွေဟာ ကျွန်တော်တို့ မြို့နေပြည်သူလူထုလို မီတာလျှောက်ရုံနဲ့ လျှပ်စစ်မီး ရရှိတာမဟုတ်ပါဘူး။ ဒါကြောင့်မို့လို့ ဒီ မီးလင်းရေးကော်မတီရဲ့မူများကို ပြည်သူလူထု တွေလည်း စုပေါင်းလုပ်ကိုင်တတ်တဲ့ အလေ့အကျင့်ရအောင်၊ လူထုအားလုံးလည်း လျှပ်စစ်မီးရအောင်၊ ဒီမူတွေကို ပြင်ဆင်ဖို့အတွက်၊ ကျွန်တော်တို့ ပြင်ဆင်နိုင်ဖို့အတွက် ကိုယ်ထူကိုယ်ထ လျှပ်စစ်မီးလင်းရေးကော်မတီ များ၏မူများကို သက်ဆိုင်ရာဌာနများမှ ပြင်ဆင်ရေးဆွဲ အတည်ပြုပြဋ္ဌာန်း အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ ဆိုတာကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးခွန်း မေးမြန်းအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၁၄။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနှင့် ပတ်သက်ပြီး လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ ဒုတိယ ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၄။**

**ဒေါက်တာထွန်းနိုင် (ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်

အမှတ်(၁၀) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့်ဦး မေးမြန်းသည့် မေးခွန်းနှင့် ပတ်သက်၍ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအားလုံး၏ ညှိနှိုင်းပေါင်းစပ်ရရှိသော အဖြေများအား လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနကိုယ်စား ကျွန်တော် ဒုတိယဝန်ကြီးက ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

ဝန်ကြီးဌာနအနေနှင့် နှစ်စဉ်ခွဲဝေရရှိတဲ့ ပြည်ထောင်စုရန်ပုံငွေကို အသုံးပြု၍လည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရများက ၎င်းတို့ရဲ့ နှစ်စဉ်ဘတ်ဂျက် ခွဲဝေရရှိမှုများအရလည်းကောင်း၊ နိုင်ငံတကာနှစ်ရှည်ချေးငွေများ ရယူ၍လည်းကောင်း၊ ကျေးရွာများကို လျှပ်စစ်ဓာတ်အားတိုးချဲ့ဖြန့်ဖြူးပေးနိုင်ရန် စီစဉ်ဆောင်ရွက်နေတာ ဖြစ်ပါတယ်။ အဆိုပါ အစီအစဉ်များထက် ဆောလျင်စွာ ဓာတ်အားရရှိလိုတဲ့ကျေးရွာများက ကျေးရွာအတွင်းမှာ ငွေကြေးစုဆောင်းကြပြီးတော့ ကျေးရွာရဲ့ အစီအစဉ်ဖြင့် ကိုယ့်အားကိုယ်ကိုး မီးလင်းရေးကို ဆောင်ရွက်လျက်ရှိကြတာ ဖြစ်ပါတယ်။ အဆိုပါကဲ့သို့ ဆောင်ရွက်ဖို့ ကြိုးစားကြတဲ့အခါမှာ ကျေးရွာအတွင်းမှာရှိတဲ့ ပြည်သူတွေထဲကနေပြီးတော့ ငွေကြေးပြည့်စုံတဲ့သူတွေကနေပြီးတော့ အများအကျိုးအတွက် စေတနာနှင့် စိုက်ထုတ်လှူဒါန်းမှုတွေ ရှိနိုင်သလို ကျေးရွာအတွင်းမှာရှိတဲ့ ပြည်သူအချင်းချင်းထဲကနေပြီးတော့ ငွေကြေးစုဆောင်းကာ၊ ရန်ပုံငွေစုဆောင်းကာ ဆောင်ရွက်ကြတာဖြစ်ပါတယ်။ ထိုကဲ့သို့ ဆောင်ရွက်ကြတဲ့အခါမှာလည်း ကျေးရွာအတွင်းမှာ သြဇာရှိပြီး အများကလေးစားခြင်းခံရတဲ့ ရပ်မိရပ်ဖတွေ၊ ကျေးရွာအကျိုးကို နိုးနိုးကြားကြားနဲ့ ဆောင်ရွက်ပေးတဲ့လူတွေကို ကျေးရွာပြည်သူတွေကနေပြီးတော့ ရွေးချယ်ကာ ကျေးရွာကော်မတီအဖြစ် ရွေးချယ်ဖွဲ့စည်းကြတာကို တွေ့ရှိရတာ ဖြစ်ပါတယ်။ အဆိုပါကဲ့သို့ ဖွဲ့စည်းတဲ့ ကျေးရွာမီးလင်းရေးကော်မတီကို သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးမှူးတွေကနေပြီးတော့ အတည်ပြုပေးကြရတာ ဖြစ်ပါတယ်။ ဒါ အုပ်ချုပ်ရေးနည်းလမ်းအရ ဆောင်ရွက်ကြရတာ ဖြစ်ပါတယ်။

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနကတော့ အဆိုပါကဲ့သို့ ဖွဲ့စည်းထားတဲ့ ကျေးရွာမီးလင်းရေးကော်မတီများအနေနဲ့ မီးလင်းရေးလုပ်ငန်းကို ဆောင်ရွက်တဲ့အခါမှာ လိုက်နာဆောင်ရွက်ရမယ့်အချက် (၁၂)ချက်ကို သတ်မှတ်ပေးခဲ့တာ ဖြစ်ပါတယ်။ အဆိုပါအချက်(၁၂)ချက်ရဲ့ အဓိကရည်ရွယ်ချက်ကတော့ တည်ဆောက်မယ့်ဓာတ်အားလိုင်းတွေ၊ ခွဲရုံတွေ ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး၊ ဓာတ်အားပျောက်ဆုံးမှုလျော့နည်းရေး စတဲ့ နည်းပညာဆိုင်ရာအချက်တွေကို လိုအပ်ချက်များကို သတ်မှတ်ပေးခြင်း ဖြစ်ပါတယ်။ ဒါကလည်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနရဲ့ တာဝန်နှင့် လုပ်ပိုင်ခွင့်ဟာ အုပ်ချုပ်ရေး အာဏာမရှိတဲ့အတွက်ကြောင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးဆိုင်ရာ နည်းပညာနဲ့ပတ်သက်တဲ့ လိုက်နာရမယ့်အချက်များကိုသာ ပြဋ္ဌာန်းသတ်မှတ်ခြင်း ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီး ဆွေးနွေးသွားသကဲ့သို့ ကျေးရွာတွေအသီးသီးမှာ ကိစ္စရပ်ပေါင်းမတူညီခြားနားတဲ့အချက်တွေ ရှိကြတာ မှန်ပါတယ်။ အောင်မြင်စွာ ညီညီညွတ်ညွတ်နဲ့ ဆောင်ရွက်နေတဲ့ ကိစ္စရပ်ပေါင်းလည်း များစွာရှိတာ မှန်ပါတယ်။ ဒီအတွက် မီးလင်းရေးကော်မတီရဲ့ အသင်းအဖွဲ့တွေကို ဖွဲ့စည်းပုံ စည်းမျဉ်းစည်းကမ်းနှင့်အညီ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရဲ့ စီစဉ်ကြီးကြပ်မှုနဲ့ ကျေးရွာလူထုကနေပြီးတော့ ပွင့်လင်းမြင်သာစွာ မဲစနစ်နဲ့ ရွေးချယ်နိုင်ရေး၊ မီးလင်းရေးကော်မတီတို့ရဲ့ သက်တမ်းသတ်မှတ်နိုင်ရေး၊ သက်တမ်းပြည့်သွားလို့ရှိရင် ထပ်မံရွေးချယ်နိုင်ရေးစတဲ့ အုပ်ချုပ်ရေး

ဆိုင်ရာကိစ္စရပ်တွေဟာလည်း ဒီ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့ ဘက်ကနေ ပေါင်းစပ်ဆောင်ရွက်မှသာ ပြေလည်မှာ ဖြစ်ပါတယ်။

မီးလင်းရေးကော်မတီမှ နှစ်စဉ်ငွေစာရင်း ရှင်းလင်းနိုင်ဖို့နဲ့ ငွေအလွဲသုံးစားမှု ထင်ရှားနေလို့ရှိရင် ကော်မတီကို ဖျက်သိမ်းပြီး ကျေးရွာက ပြည်သူတွေကနေပြီးတော့ ရွေးချယ်ဖွဲ့စည်းဖို့ ဒီလို အချက်အလက်တွေ ပါဝင်တဲ့မူများကို ပြင်ဆင်ရေးဆွဲနိုင်ဖို့အတွက်လည်း ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ပြည်ထဲရေးဝန်ကြီးဌာန၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရကိုယ်စားလှယ်များ၊ လွှတ်တော်ကိုယ်စားလှယ်များ ပူးပေါင်းညှိနှိုင်းပြီး ဒီ ကျေးရွာမီးလင်းရေးကော်မတီများအတွက် လုပ်ထုံးလုပ်နည်းများ ညှိနှိုင်းဆွေးနွေးသွားဖို့ရာ စီစဉ်ဆောင်ရွက်သွားဖို့ ဆောင်ရွက်နေဆဲဖြစ်ပါကြောင်းကို ရှင်းလင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၁၈။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းလာရောက် ဖြေကြားပေးတဲ့ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ မိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**ကယားပြည်နယ်၊ ဖရူဆိုမြို့တွင် မြန်မာ့စီးပွားရေးဘဏ်ခွဲ ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၉။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါ်ရှားမူ က ကယားပြည်နယ်၊ ဖရူဆိုမြို့တွင် မြန်မာ့စီးပွားရေးဘဏ်ခွဲ ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၉။**

**ဒေါ်ရှားမူ၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၅) ဖရူဆိုမြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ရှားမူ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတဲ့မေးခွန်းကတော့ နံပါတ်(၁) ကယားပြည်နယ် ဖရူဆိုမြို့နယ်အတွက် ဖရူဆိုမြို့တွင် မြန်မာ့စီးပွားရေးဘဏ်ခွဲ ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ၊ နံပါတ်(၂) အစီအစဉ်ရှိပါက မည်သည့် အချိန်ကာလတွင် ဖွင့်လှစ်ပေးပါမည်နည်းတို့ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ မေးခွန်း မေးမြန်းရတဲ့ အကျိုးအကြောင်း ဖော်ပြချက်ကို တင်ပြလိုပါတယ်။ ကယားပြည်နယ် ဖရူဆိုမြို့နယ်ဟာ လွိုင်ကော်-ဖားဆောင်း နယ်စပ်လမ်းမကြီးပေါ်မှာ တည်ရှိပြီး ကားဖြင့် လွိုင်ကော်မြို့မှ လာမယ်ဆိုပါက ဒီးမော့ဆိုမြို့နယ်ကိုဖြတ်၍ (၂၂)မိုင်ခရီးကို (၁)နာရီခန့် မောင်းနှင်ရပါတယ်။ ဖရူဆိုမြို့နယ်ဟာ ရပ်ကွက်(၅)ရပ်ကွက်၊ ကျေးရွာအုပ်စု(၁၄)အုပ်စု၊ ကျေးရွာ(၁၁၄)ရွာရှိပြီး ဌာနဆိုင်ရာရုံးပေါင်း(၃၀)ရုံး ဖွင့်လှစ်ထားတာ ရှိပါတယ်။ ဌာနဆိုင်ရာဝန်ထမ်းပေါင်း

(၁၀၆၀)ဦး တာဝန်ထမ်းဆောင်နေကြောင်းလည်း သိရှိရပါတယ်။ မြို့နယ်တည်ရှိမှု အခြေအနေ အနေအထားအရ တောင်ကုန်းတောင်တန်းများ ပေါ်များပြီး မြေသားလမ်းများသာဖြစ်သောကြောင့် တစ်ရွာနှင့်တစ်ရွာ တစ်အုပ်စုနှင့်တစ်အုပ်စု သွားလာရေး ခက်ခဲလှပါတယ်။ မိုးရာသီကာလဆိုရင် ပိုပြီးခက်ခဲပါတယ်။

ဒီလို လမ်းပန်းဆက်သွယ်ရေး ခက်ခဲတဲ့အတွက် ဒေသခံပြည်သူလူထု နိုင်ငံ့ဝန်ထမ်းများဟာ အကြောင်းအမျိုးမျိုးကြောင့် ငွေပို့၊ ငွေလွှဲ၊ ငွေအပ်၊ ငွေထုတ်၊ ငွေစု ပြုလုပ်တဲ့အခါမှာ ကျွန်မတို့ မြို့နယ်မှာ ဘဏ်မရှိတာကြောင့် လွိုင်ကော်မြို့သို့ သွားရောက်ရပါတယ်။ သွားရောက်တဲ့အခါမှာလည်း ဖရူဆို-လွိုင်ကော် လိုင်းကားမရှိတာကြောင့် ကိုယ်ပိုင်ဆိုင်ကယ်ရှိရင် သွားလာဖို့ အဆင်ပြေတယ်လို့ ဆိုနိုင်ပေမယ့် ဆိုင်ကယ်မရှိတဲ့သူတွေအတွက်ကတော့ အဆမတန် အခကြေးငွေတွေနှင့် ဆိုင်ကယ်ငှားပြီး သွားရသလို ကားကြုံ၊ ကားစောင့်ရတဲ့အခါမှာလည်း အချိန်ကုန် လူပင်ပန်းမှုတွေကို ကြုံတွေ့ရ ပါတယ်။ ဒီလိုအခြေအနေမျိုးတွေကြောင့် ဘဏ်ကိစ္စရှိရင် နေ့ဝက် ဒါမှမဟုတ် တစ်နေကုန်နီးပါးအထိ အချိန်တွေကုန်ပြီး အခက်အခဲများစွာ ရင်ဆိုင်နေရပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ပြည်သူလူထုနှင့် ဌာနဆိုင်ရာဝန်ထမ်းများ ဝန်ထုတ်ဝန်ပိုး အခက်အခဲများ မရှိစေရေးအတွက် ဖရူဆိုမြို့နယ်တွင် မြန်မာ့စီးပွားရေးဘဏ်ခွဲ ဖွင့်လှစ်ပေးနိုင်ရေးအတွက် လွိုင်ကော်-ဖားဆောင်း-မယ်စဲ နယ်စပ်ကားလမ်းမကြီးဘေးနေရာ မြေလွတ်တွင် ပေ(၁၂၀x၁၆၀) မြေကွက်အား ၂၀၁၆ ခုနှစ်က စီမံချထားပေးရာ ယခုအခါ ခြံစည်းရိုးများပင် ကာရံထားတာ တွေ့ရှိရပါတယ်။ ဒါပေမဲ့ ဘဏ်ခွဲက ဘယ်အချိန်မှာ စတင်ဆောက်လုပ်ပေးမယ်ဆိုတာ မသိရသေးတဲ့အတွက် ဒေသခံပြည်သူ လူထုအနေနဲ့ မျှော်လင့်စောင့်စားနေတဲ့အတွက် အထက်ပါမေးခွန်းများ မေးမြန်းရခြင်း ဖြစ်ပါတယ်။ ကျေးဇူး တင်ပါတယ်။

**အချိန်၊ ၁၀း၂၂။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနှင့် ပတ်သက်ပြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၂။**

**ဦးမောင်မောင်ဝင်း (ဒုတိယဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ လေးစား အပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း ဖြစ်ပါတယ်။ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ရှားမူ ၏ ဖရူဆိုမြို့တွင် မြန်မာ့စီးပွားရေးဘဏ်ခွဲ ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းဖြေကြားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာ့စီးပွားရေးဘဏ်တွင် ရုံးချုပ်ဌာနကြီး(၆)ခု အပါအဝင် တိုင်းဒေသကြီး/ပြည်နယ်ရုံး(၁၄)ရုံး၊ ခရိုင်ကွပ်ကဲဘဏ်ခွဲအဆင့်(၇၆)ခု၊ မြို့နယ်ဘဏ်ခွဲအဆင့်(၂၁၅)ခု၊ ဘဏ်ငွေတိုက်ခွဲအဆင့်(၁၈)ခု၊ ကိုယ်စားလှယ်ရုံးခွဲအဆင့်(၆)ခု၊ စုစုပေါင်း(၃၃၅)ခုဖြင့် ဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံတော်အတွင်းမှာ နယ်မြေဒေသ သတ်မှတ်ချက်အရ မြို့နယ်ပေါင်း(၃၃၀)ရှိသော်လည်း မြန်မာ့စီးပွားရေးဘဏ်အနေဖြင့် ဒေသအခြေအနေ၊ လုပ်ငန်းအခြေအနေတို့အပေါ်မူတည်၍ မြို့နယ်ဘဏ်ခွဲအဆင့်(၂၁၅)ခု၊ ဘဏ်ငွေတိုက်ခွဲအဆင့်(၁၈)ခု၊ ကိုယ်စားလှယ်ရုံးခွဲ(၆)ခု၊ စုစုပေါင်း(၂၃၉)ခုဖြင့်သာ ဆောင်ရွက်ပေးလျက်ရှိတဲ့ အခြေအနေ ဖြစ်ပါတယ်။ မြို့နယ်အဆင့်ဘဏ်ခွဲ(၁)ခု ဖွင့်လှစ်ပါက ဘဏ်ခွဲအဆောက်အအုံအတွက် မြေနေရာ၊ ဘဏ္ဍာငွေသိုလှောင်ရန်အတွက် ငွေတိုက်အတွက် မြေနေရာ၊ ငွေပို့ငွေသယ် မော်တော်ယာဉ် စသည်တို့အပြင် ဝန်ထမ်းဦးရေ(၁၅)ဦးမှ (၂၀)ဦးခန့်အထိ ခန့်ထားရန်လည်း လိုအပ်ပါတယ်။ ကုန်ကျစရိတ်နဲ့ ပြန်လည်ရရှိနိုင်မည့် ဝင်ငွေအခြေအနေတို့ကိုလည်း တွက်ဆရပါတယ်။ သို့ရာတွင် အချို့နေရာများတွင် ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်အရ အရှုံးခံ၍ ဆောင်ရွက်ပေးနေသည်များလည်း ရှိပါတယ်။

ကယားပြည်နယ်မှာ စုစုပေါင်း လူဦးရေ(၃)သိန်းခန့်ရှိပြီး မြန်မာ့စီးပွားရေးဘဏ်အနေဖြင့် လွိုင်ကော်မြို့တွင် ပြည်နယ်ရုံး(၁)ရုံးနှင့် ခရိုင်ဘဏ်ခွဲ(၁)ခု၊ လွိုင်ကော်မြို့မှ အလှမ်းကွာဝေးသော ဖားဆောင်းနှင့် ဘော်လခဲမြို့တို့တွင် မြို့နယ်ဘဏ်ခွဲအဆင့်(၁)ခုစီနှင့် နယ်စပ်ကုန်သွယ်ရေးအတွက် ရည်ရွယ်၍ မယ်စဲမြို့တွင် ဘဏ်ငွေတိုက်ခွဲ(၁)ခုကို ဖွင့်လှစ်ထားရှိပြီး ဖြစ်ပါတယ်။ ဖရူဆိုမြို့ဟာ လွိုင်ကော်မြို့နှင့် လွန်စွာ အလှမ်းမကွာလှတဲ့ မြို့ဖြစ်ပြီးတော့ အလားတူပဲ ကျွန်တော်တို့ ရှားတော၊ ဒီးမော့ဆိုမြို့တို့မှာလည်း ဖွင့်လှစ်ပေးနိုင်ခြင်း မရှိသေးပါဘူး။ ဒါတွေကိုတော့ ဒီမြို့နယ်တွေ အတွက်ကိုတော့ လွိုင်ကော်ဘဏ်ခွဲကပဲ တာဝန်ယူ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဖရူဆိုမြို့အနေနဲ့ လွိုင်ကော်မြို့မှ (၂၂)မိုင်ခန့်ကွာဝေးပြီး လူဦးရေ(၃)သောင်းခန့်သာ ရှိတဲ့အတွက် ယင်းသို့ ဘဏ်လုပ်ငန်းများကို လွိုင်ကော်ခရိုင်ဘဏ်ခွဲကသာ ဆောင်ရွက်ပေးလျက်ရှိခြင်း ဖြစ်ပါတယ်။

ယခုအခါမှာ ဖရူဆိုမြို့မှာ မြန်မာ့စီးပွားရေးဘဏ်ခွဲ ဖွင့်လှစ်ရန်အတွက် မြေနေရာကို ရရှိထားပြီး ငွေတိုက်အဆောက်အအုံ ဆောက်လုပ်ဖို့အတွက် မြေနေရာကို ရရှိရေးအတွက် ဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်။ ဖရူဆိုမြို့အနေအထားအရ လမ်းပန်းဆက်သွယ်ရေး၊ လုံခြုံရေးအခြေအနေ ကောင်းမွန်လာပြီဖြစ်ခြင်း၊ လျှပ်စစ်မီး (၂၄)နာရီရရှိခြင်း၊ တယ်လီဖုန်းလိုင်းများ ကောင်းမွန်ခြင်းတို့ကြောင့် မြို့နယ်ဘဏ်ခွဲအဖြစ် လောလောဆယ်မှာ ဖွင့်လှစ်မပေးနိုင်သေးသော်လည်း မြန်မာ့စီးပွားရေးဘဏ်နဲ့ အကျိုးတူပူးပေါင်းပြီးတော့ Mobile ဘဏ်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိတဲ့ Myanmar Mobile Money လုပ်ငန်းနှင့် ညှိနှိုင်းပြီးတော့ Mobile ငွေလွှဲလုပ်ငန်းများ ဆောင်ရွက်ပေးရန် ဖြစ်နိုင်ခြေရှိ/မရှိကိုလည်း သုံးသပ်ဆောင်ရွက်သွားမည် ဖြစ်ပါတယ်။ ငွေတိုက်အဆောက်အအုံအတွက် မြေနေရာ ရရှိလာတဲ့အခါမှာ နှစ်စဉ် ဘတ်ဂျက် တင်ပြတောင်းခံချိန်မှာ ထည့်သွင်းတောင်းခံပြီး ပထမဦးစွာ ဘဏ်ငွေတိုက်ခွဲအဆင့် ဖွင့်လှစ်ပေးရန်နှင့် ဒေသစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအပေါ်မူတည်၍ ဘဏ်နှင့် ဆက်သွယ်သူ များပြားလာမှုအပေါ်မှာမူတည်ပြီး မြို့နယ်ဘဏ်ခွဲအဆင့်သို့ တိုးမြှင့်ပေးခြင်းတို့ကို

ဆက်လက်သုံးသပ် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခြင်း**

**အချိန်၊ ၁၀း၂၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၇ ခုနှစ်၊ မေလ ၁၈ ရက်နေ့မှ စတင်ကျင်းပခဲ့တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေးဟာဆိုရင် ဒီကနေ့ ပြီးဆုံးမှာ ဖြစ်ပါတယ်။ ၂၀၁၇ ခုနှစ်၊ မေလ ၁၈ ရက်နေ့မှ ဩဂုတ်လ ၃၁ ရက်နေ့အထိ အစည်းအဝေးကျင်းပရက် (၅၃)ရက်အတွင်း အမျိုးသားလွှတ်တော်ရဲ့ ဆောင်ရွက်ချက်များကို ဥက္ကဋ္ဌအနေနဲ့ ရှင်းလင်းပြောကြားသွားမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်း မေးမြန်းခြင်းကဏ္ဍတွင် လွှတ်တော်ကိုယ်စားလှယ်များက ပြည်သူလူထု၏ အကျိုးအလို့ငှာ အမျိုးသားလွှတ်တော်သို့ ကြယ်ပွင့်ပြမေးခွန်း (၂၃၅)ခုနှင့် ကြယ်ပွင့်မပြမေးခွန်း (၂၀၈)ခုတို့ကို မေးမြန်းခဲ့ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းတဲ့ မေးခွန်းများအပေါ် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များက သက်ဆိုင်ရာ ဝန်ကြီးဌာနတစ်ခုချင်းအနေဖြင့်လည်းကောင်း၊ ဝန်ကြီးဌာနအချင်းချင်းပေါင်းစပ်၍လည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များနှင့် ပေါင်းစပ်ညှိနှိုင်း၍လည်းကောင်း လွှတ်တော်တွင် နှုတ်ဖြင့် ဖြေကြားခြင်း၊ စာဖြင့်ပေးပို့ ဖြေကြားခြင်းတို့ကို ဆောင်ရွက်ခဲ့ပါတယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အဆိုတင်သွင်းခြင်းကဏ္ဍတွင် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါက်တာတင်တင်ဝင်း ရဲ့ ထောင်စုနှစ်ရည်မှန်းချက် (၁၇)ချက်မှ စတုတ္ထအချက်ဖြစ်သော QUALITY EDUCATION အတွက် မြန်မာနိုင်ငံရှိ ပညာရေးကောလိပ်၊ အထက်တန်းနှင့် အလယ်တန်းကျောင်းများ၏ သင်ရိုးညွှန်းတမ်းတွင် အထွေထွေဘာသာရပ်အခန်း၌ “မျိုးဆက်ပွားကျန်းမာရေး” “ပြည်သူ့နီတိ” “ဒီမိုကရေစီ” တို့ကို ဘာသာရပ်များအဖြစ် မိတ်ဆက်သင်ပေးရုံမျှမက လက်ခံကျင့်သုံးရန် စီမံဆောင်ရွက်ပေးစေလိုကြောင်း ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာစန်းမောင်မောင် ရဲ့ မြန်မာနိုင်ငံတွင် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးဥပဒေကို ရေးဆွဲပြဋ္ဌာန်းပြီးဖြစ်သော်လည်း ပြည်သူများ လိုက်နာကျင့်သုံးမှုနှင့် အာဏာပိုင်များဘက်မှ ကြီးကြပ်အရေးယူမှုမရှိသလောက် အားနည်းနေခြင်းအပေါ် ပြည်ထောင်စုအစိုးရမှ ကိုင်တွယ် ဖြေရှင်းပေးပါရန် တိုက်တွန်းကြောင်း အဆို၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးအောင်သိန်း ရဲ့ ယနေ့ မြန်မာနိုင်ငံရှိ မြို့ကြီးအတော်များများ၌ စီးပွားဖြစ်ဂိမ်း (Game)ဆိုင်များ ဖွင့်လှစ်လုပ်ကိုင်နေသူများ မြို့တော်စည်ပင်သာယာရေးကော်မတီမှ လိုင်စင်ခံယူထားပြီး ကလေးအားကစားကွင်း (Amusement Center) ဟု သဏ္ဌာန်ဆောင်အမည်ပြု၍ ပြည်ပမှတင်သွင်းလာသော စက်ကိရိယာများဖြင့် ခေတ်ပေါ်လောင်း

ကစားနည်းမျိုးစုံပါဝင်သော အကြွေစေ့သုံး လောင်းကစားအဆင့် ဂိမ်း(Game)ဆိုင်များ ဖွင့်လှစ်လာကြသည့်အတွက် လောင်းကစားလိုသူ ကျောင်းသား၊ လူငယ်လူရွယ်၊ လူလတ်မျိုးစုံတို့မှာ တဖြည်းဖြည်းချင်း အကျင့်စာရိတ္တပါ ထိခိုက်ပျက်ပြားလာနေသောကြောင့် မြို့များနေ မိဘပြည်သူတို့မှာ ရတက်မအေးစိုးရိမ်စိတ်များ ဖြစ်ပေါ်နေကြပါသည်။ ယင်းသို့ အကြွေစေ့သုံး လောင်းကစားဆိုင်များကို စိစစ်ဖော်ထုတ်ပိတ်သိမ်းအရေးယူခြင်းကို တစ်ပြေးညီ လုပ်ဆောင်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာဝင်းမြင့် (အတွင်းရေးမှူး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ)ရဲ့ မြန်မာနိုင်ငံ၏ ငါးနှင့်ရေလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး၊ ငါးနှင့်ရေသယံဇာတများ ထိန်းသိမ်းကာကွယ်ရေး၊ ပြည်တွင်းစားသုံးမှု ဖူလုံပြီး နိုင်ငံခြားဝင်ငွေ တိုးတက်ရရှိရေး၊ အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိရေး၊ ကျေးလက်စီးပွား ဖွံ့ဖြိုးပြီး ဆင်းရဲမှုလျှော့ချရေး၊ ငါးလုပ်ငန်းဆိုင်ရာ သုတေသနများ၊ ပညာပေးလုပ်ငန်းများနှင့် လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ပြီးပြည့်စုံသော ငါးလုပ်ငန်းဆိုင်ရာ တက္ကသိုလ်ကြီးတစ်ခု (Fishery University) ဖွင့်လှစ်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်လတ် ရဲ့ မောင်တော၊ ဘူးသီးတောင်နှင့် ရသေ့တောင်မြို့နယ်များတွင် လှုပ်ရှားနေသော အကြမ်းဖက်အဖွဲ့ဝင်များကို ဖော်ထုတ်ပြီး အကြမ်းဖက်တိုက်ဖျက်ရေးဥပဒေအရ အရေးယူပေးရန်နှင့် ယင်းတို့၏ ခြိမ်းခြောက်မှုကြောင့် လောလောဆယ် နေရပ်စွန့်ခွာ ထွက်ပြေးလာကြသော တိုင်းရင်းသားများ၏ကျေးရွာများ ဆက်လက် ရပ်တည်နိုင်ရေးအတွက် အရေးတယူဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးခင်မျိုးဝင်း ရဲ့ မြန်မာနိုင်ငံ၏ ငါးလုပ်ငန်းနှင့် ရေလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန် ငါးနှင့်ရေသယံဇာတများမှ ရသင့်ရထိုက်သော အခွန်အခများ ရရှိစေရန်၊ မြန်မာ့ရေသယံဇာတများ ထိန်းသိမ်းနိုင်ရန် မြန်မာ့ပင်လယ်ကမ်းနီးကမ်းဝေးမှ ဖမ်းဆီးရရှိလာသော ငါးနှင့် ရေသယံဇာတများကို စစ်ဆေးရေးဂိတ်များရှိသော ငါးတင်/ငါးချဆိပ်ကမ်းများပေါ်တွင် တင်ဆောင်ပြီး သေချာစိစစ် ကြပ်မတ်စစ်ဆေး မှတ်တမ်းတင်ပြီးမှသာ စက်ရုံ သို့မဟုတ် ပြည်ပသို့ FOB, CIF ကဲ့သို့သော ငါးသယ်လှေများဖြင့် ပို့ဆောင်ခွင့်ပြုရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုတို့ကို လွှတ်တော်သို့ တင်သွင်းခဲ့ရာ လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူညီခဲ့သည့်အတွက် လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်းတို့ကို ဆောင်ရွက်ခဲ့ရာ အဆို(၄)ခုကို အတည်ပြုခြင်း၊ အဆို(၁)ခုကို မှတ်တမ်းတင်ခြင်းနှင့် ဆက်လက်ဆောင်ရွက်ရန် အဆို(၁)ခု ကျန်ရှိပါတယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေကြမ်း တင်သွင်းခြင်းကဏ္ဍတွင် အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ပြည်ထောင်စုလွှတ်တော်က ပေးပို့ထားသည့် စာချုပ်စာတမ်းများ မှတ်ပုံတင်ဥပဒေကြမ်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း (၂၀၁၇)၊ မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေကြမ်း၊ လယ်ယာမြေဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း၊ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း

တို့ကို လွှတ်တော်သို့ အဆိုတင်သွင်းခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားခြင်း၊ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက် ရယူခြင်းတို့ကို ဆောင်ရွက်ကာ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

အမျိုးသားလွှတ်တော်မှ အတည်ပြုပြီး ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးရန် ပေးပို့ထားသည့် ဥပဒေကြမ်းများအနက် မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဥပဒေကြမ်း၊ ပြည်သူ့စာရင်းကိုင်များ ပျက်ကွက်မှု အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း၊ ဆက်သွယ်ရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းတို့ကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့ လာပါတယ်။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို လွှတ်တော်က ပြည်သူ့ လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း အတည်ပြုခဲ့ပါတယ်။

ပြည်သူ့လွှတ်တော်တွင် စတင်တင်သွင်းပြီး အတည်ပြုချက်ဖြင့် အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ပေးပို့ခဲ့သည့် တရားခံလွှဲပြောင်းရေး ဥပဒေကြမ်း၊ ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေကြမ်း၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း၊ တာတမံဥပဒေကြမ်း၊ တူးမြောင်းဥပဒေကြမ်း၊ မြန်မာနိုင်ငံ လင်မယားကွာရှင်းရေး အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း၊ အုပ်ထိန်းသူနှင့် အုပ်ထိန်းခြင်းခံရသူများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း၊ အထူးထိမ်းမြားခြင်းဆိုင်ရာ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် ခရစ်ယာန် ထိမ်းမြားခြင်းဆိုင်ရာ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းတို့ကို ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားတင်သွင်းခြင်း၊ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက် ရယူခြင်းတို့ကို ဆောင်ရွက်ခဲ့ရာ လွှတ်တော်က ဥပဒေကြမ်း(၇)ခုကို ပြင်ဆင်ချက်ဖြင့် လည်းကောင်း၊ ဥပဒေကြမ်း(၂)ခုကို ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း အတည်ပြု၍လည်း ကောင်း ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ ပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဇော်မင်း (ဥက္ကဋ္ဌ၊ ဥပဒေကြမ်းကော်မတီ)က အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းကို လွှတ်တော်သို့ အဆိုတင်သွင်းခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားခြင်းနှင့် လွှတ်တော်၏ အတည်ပြု ချက်ရယူခြင်းတို့ကို ဆောင်ရွက်ကာ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။ ယင်းဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မပြုဘဲ သဘောတူကြောင်း ဆုံးဖြတ်ချက် ပေးပို့လာခြင်းကို လွှတ်တော်သို့ အသိပေး တင်ပြခဲ့ပါတယ်။

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးကျော်သီဟ (ဥက္ကဋ္ဌ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ)က ၂၀၁၇ ခုနှစ်၊ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေကြမ်းကို လွှတ်တော်သို့ အဆိုတင်သွင်းခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြား ခြင်း၊ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက် ရယူခြင်းတို့ကို ဆောင်ရွက်ကာ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီရင်ခံစာ တင်သွင်းခြင်း ကဏ္ဍတွင် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၊ နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ၊ အစိုးရမဟုတ်သော ပြည်တွင်း ပြည်ပအဖွဲ့အစည်းများဆိုင်ရာကော်မတီ၊ ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီ၊ တောင်သူလယ်သမားရေးရာကော်မတီ၊ အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီ၊ ပညာရေးမြှင့်တင်မှုကော်မတီ၊ ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာကော်မတီ၊ နိုင်ငံသားများ၏ မူလ အခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီ၊ သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ၊ ပြည်သူတို့၏တိုင်ကြားစာဆိုင်ရာကော်မတီ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီများ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာများကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းခြင်း၊ လွှတ်တော်ကိုယ်စားလှယ်များက အကြံပြုဆွေးနွေး ခြင်းနှင့် လွှတ်တော်က အတည်ပြုခြင်းတို့ကို ဆောင်ရွက်ခဲ့ပါတယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်တွင် ဖွဲ့စည်းထားတဲ့ ကော်မတီများ၏ လွှတ်တော်အစည်းအဝေးကာလအတွင်း ဆောင်ရွက်ခဲ့သည့် ကော်မတီအစည်းအဝေး များမှာ ဥပဒေကြမ်းကော်မတီ (၃၉)ကြိမ်၊ ပြည်သူ့ငွေစာရင်းကော်မတီ (၆)ကြိမ်၊ လွှတ်တော် အခွင့်အရေးကော်မတီ (၂)ကြိမ်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေး ကော်မတီ (၁၃)ကြိမ်၊ နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက် ရေးကော်မတီ (၁၂)ကြိမ်၊ အစိုးရမဟုတ်သော ပြည်တွင်းပြည်ပ အဖွဲ့အစည်းများဆိုင်ရာ ကော်မတီ (၇)ကြိမ်၊ ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီ (၁၁)ကြိမ်၊ တိုင်းရင်းသားရေးရာ ကော်မတီ (၈)ကြိမ်၊ တောင်သူလယ်သမားရေးရာကော်မတီ (၁၀)ကြိမ်၊ အမျိုးသမီးနှင့် ကလေးသူငယ် အခွင့်အရေးဆိုင်ရာကော်မတီ (၈)ကြိမ်၊ ပညာရေးမြှင့်တင်မှုကော်မတီ (၁၁)ကြိမ်၊ ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာကော်မတီ (၁၁)ကြိမ်၊ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီ (၁၅)ကြိမ်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီ (၈)ကြိမ်၊ ပြည်သူတို့၏တိုင်ကြားစာဆိုင်ရာကော်မတီ (၈)ကြိမ်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ (၅)ကြိမ်၊ စုစုပေါင်းကော်မတီ အစည်းအဝေး (၁၇၄)ကြိမ် ပြုလုပ်ခဲ့ပါတယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ စွမ်းရည်မြင့်မားစေရန် ရည်ရွယ်၍ အပြန်အလှန်ဆွေးနွေးပွဲ (Debate) ကို (၈)ကြိမ် ပြုလုပ်ခဲ့ပြီး လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခဲ့ပါတယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အတွက် သုတေသန၊ ပြည်သူ့ဆက်ဆံရေးနှင့် နိုင်ငံတကာဆက်ဆံရေးဌာနကြီးမှ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးကာလအတွင်း စာတမ်းတို(၃)စောင် ထုတ်ဝေခဲ့ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်(၆၅)ဦးက သိရှိလိုသည့် သတင်းအချက်အလက် မေးမြန်းခဲ့မှုများ အနက် (၁၁၃)စောင်ကို ရှာဖွေပေးခဲ့ပြီး ဆောင်ရွက်ဆဲ (၂၄)စောင်ရှိနေကြောင်း လွှတ်တော်ကိုယ်စားလှယ်များကို အသိပေးပါတယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မိမိတို့ သက်ဆိုင်ရာဒေသအသီးသီးသို့ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် ပြန်လည်ရောက်ရှိကြပြီး မိမိတို့ရဲ့မဲဆန္ဒရှင် ပြည်သူများအကျိုး၊ ဒေသရဲ့အကျိုး၊ နိုင်ငံတော်ရဲ့အကျိုးကို ဆတက်ထမ်းပိုး ထမ်းဆောင်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (၅၃)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး ကျင်းပပြီးစီးကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၄၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (၅၃)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး အောင်မြင်စွာ ပြီးစီးကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (၅၃)ရက်မြောက်နေ့ကို ၁၀း၄၀ နာရီအချိန်တွင် ရပ်နားပါသည်။]